# ANSWER LINE

## WPA2 protection နဲ့ online banking

ကိုယ့်နေအိမ်ရဲ့ Wi-Fi Connection မှာ WPA2 protection ကို အသုံးပြုထားတယ်ဆိုရင် online banking အတွက် စိတ်ချရပါ့မလားဆိုတဲ့ မေးခွန်းတစ်ခုကို စဉ်းစားမိမှာပါ။ WPA2 protection ဟာ စိတ်ချရတယ်ဆိုပေမယ့် ၁၀၀ ရာခိုင်နှုန်း လုံခြုံဖို့အတွက်တော့ အာမမခံနိုင်ပါဘူး။ အိမ်မှာသုံးနေတဲ့ router မှာ wireless ကိုပိတ်မထားဘူးဆိုရင် စိတ်ချရတဲ့ Wi-Fi connection တစ်ခုဖြစ်ဖို့ စီစဉ်ရပါမယ်။ WPA2 က တော့ လတ်တလောမှာ စိတ်အချရဆုံးနည်းပညာ ဖြစ်ပါတယ်။




Wi-Fi connection ကို unsecured လို့ သတ်မှတ်ထားရင်တော့ ဘေးအိမ်ကလူတွေရော၊ သူစိမ်းတွေကပါ ဝင်ရောက်သုံးနိုင်တာဖြစ်လို့ ယင်းတို့တွေ online ကတစ်ဆင့် video တွေကြည့်နေရင် လိုင်းနှေးနိုင်ပါတယ်။ မဟုတ်တာတစ်ခုခုလုပ်ခဲ့ရင်လည်း သူတို့လုပ်တယ်လို့မပေါ်ဘဲ ကိုယ်လုပ်တယ်လို့ပဲ မှတ်တမ်းဝင်နေမှာ ဖြစ်ပါတယ်။

WPA2 connection ဟာ သူ့အရှေ့ကထွက်ခဲ့တဲ့ WEP နဲ့ WPA တို့ထက်တော့ ပိုပြီးစိတ်ချရပါတယ်။ WEP နဲ့ WPA တို့ကို crack လုပ်ရတာ မိနစ်ပိုင်းအတွင်းရပေမယ့် WPA2 ကိုတော့ နာရီတော်တော်များများသုံးပြီးမှ ရနိုင်ပါတယ်။

ဒါကြောင့် WPA2 connection ဆင်ဖို့အတွက် router ရဲ့ menu တွေကတစ်ဆင့်ဖြစ်ဖြစ်၊ manual ကတစ်ဆင့်ဖြစ်ဖြစ် ရှာဖွေနိုင်ပါတယ်။ ပြီးရင် password ကို ခက်ခဲအောင်ပေးထားဖို့ လိုပါတယ်။ လွယ်ကူတဲ့စကားလုံးတွေဖြစ်တဲ့ ralph၊ humdinger စတာတွေပေးမယ့်အစား ခက်ခဲတဲ့ password ဖြစ်တဲ့ *LcSGm\ ILJ]Xc;<UOe=) [gH}CPv JX{6L6oW!a* စသဖြင့် သုံးသင့်ပါတယ်။ အခု ဖော်ပြထားတဲ့ password ကိုတော့ *PCWorld* ဖတ်သူတိုင်းသိသွားပြီဖြစ်လို့ မသုံးသင့်တော့ပါဘူး။ Password ပေးတာတွေနဲ့ ပတ်သက်လို့ *(find.pcworld.com/72119)* မှာ ဖတ်နိုင်ပါတယ်။ လုံခြုံရေးဆိုတာကတော့ ဘယ်တော့မှ ရာနှုန်းပြည့်လုံခြုံမှုမရနိုင်ပါဘူး။ ဘယ်လိုပင်ဆိုစေကာမူ online ကတစ်ဆင့် attack လုပ်မယ့်သူတွေရဲ့ရန်က နည်းနိုင်သမျှနည်းအောင်တော့ ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုတွေ လုပ်ထားနိုင်ပါတယ်။ ■

## Android phone နဲ့ tablet များကို iTunes သုံးပြီး sync လုပ်ခြင်း

IOS သုံးစွဲသူတွေနဲ့ Android သုံးစွဲသူတွေဟာ သီးခြားစီကွဲနေပေမယ့် တစ်မိုးအောက်တည်းနေတဲ့ မိသားစုတွေဖြစ်ပါတယ်။ တကယ်လို့ ကိုယ်က iPod ကို နှစ်ပေါင်းများစွာသုံးစွဲလာခဲ့ပြီး အခုအချိန်ကျမှ အကြောင်းအမျိုးမျိုးကြောင့် Android Smartphone ၊ ဒါမှမဟုတ် tablet ကိုဝယ်ခဲ့ပြီး iPod က သီချင်းတွေကို လိုချင်ပါက ခက်ခဲပြီလို့ ထင်နိုင်ပါတယ်။ iTune music နဲ့ playlist တွေကို ကိုယ့် Android device အထဲကို ဘယ်လို sync လုပ်ရမလဲ။

ပထမဆုံးလုပ်ရမှာက ကိုယ့် desktop ပေါ်က သီချင်းတွေကို Android device ထဲရောက်အောင် manually ကူးထည့်ထားဖို့ ဖြစ်ပါတယ်။ အခု sync လုပ်မယ့် procedure ကတော့ တကယ့်အမှန် synchronization လုပ်တာ မဟုတ်ပါဘူး။ *(find.pcworld.com/72427)* ကတစ်ဆင့် iSyncr for PC ကို ရယူပါ။ ယင်းဟာ Windows utility တစ်ခုဖြစ်ပြီး Android phone နဲ့ tablet တွေကို iTunes နဲ့ sync လုပ်ပေးနိုင်တဲ့ program ဖြစ်ပါတယ်။ ဈေးပေါတယ်ဆိုပေမယ့် ထင်မှတ်မထားရလောက်အောင် ကောင်းမွန်အဆင်ပြေပါတယ်။ Sync လုပ်တဲ့အခါမှာ wireless လုပ်နိုင်အောင်အတွက် Wi-Fi add-on လည်း ပါရှိပါတယ်။




စသုံးဖို့အတွက် iSyncr for PC ဆိုတဲ့ app ကို Android market ကတစ်ဆင့်ဝယ်ပါ။ USD 3 ကျသင့်မှာဖြစ်ပါတယ်။ App ကို စ run လိုက်တာနဲ့ ကိုယ့် device ၊ ဒါမှမဟုတ် storage card အပေါ်မှာ Windows utility program တစ်ခု install လုပ်လိုက်မှာဖြစ်ပါတယ်။ Storage card မှာ နေရာယူသွားမှာဖြစ်တဲ့အတွက် သီချင်းတွေလည်းများတယ်ဆိုရင်တော့ storage card ကြီးကြီးတစ်ခု သုံးထားသင့်ပါတယ်။ ပြီးရင် phone ၊ ဒါမှမဟုတ် tablet ကို computer နဲ့ ချိတ်ပါ။ USB storage ကို enable လုပ်ပါ။ iSync utility ကို run ပါ။

ပြီးရင် sync လုပ်ချင်တဲ့ playlist ကိုရွေးပါ။ Copy process ပြီးသွားပြီဆိုရင် phone ၊ ဒါမှမဟုတ် tablet ကို Safely remove ကို အသုံးပြုပြီး ပြန်ဖြုတ်ပါ။ ပြီးရင် music app ကို ဖွင့်ပါ။ iTunes တုန်းကအတိုင်း playlist တွေပေါ်လာမှာ ဖြစ်ပါတယ်။ ဒီ utiltiy ဟာ sync ကို ပြောင်းပြန်လည်းလုပ်နိုင်ပါတယ်။ ဆိုလိုတာက tablet ၊ phone တို့ထဲမှာ ပြင်ထားတဲ့ playlist တွေ၊ အသစ်ဝယ်ထားတဲ့ သီချင်းတွေကို PC ပေါ်ကို ပြန်ပို့ပေးနိုင်ပါတယ်။ iSyncr ကိုဝယ်ထားခဲ့ပြီးပြီဆိုရင် iSync Wi-Fi add-on ကို *(find.pcworld.com/72428)* ကတစ်ဆင့် အခမဲ့ download ရယူသုံးစွဲနိုင်ပါတယ်။ ယင်းဟာ desktop server program ကတစ်ဆင့် USB cable မလိုပဲ wireless ကို အသုံးပြုပြီး sync လုပ်နိုင်မှာ ဖြစ်ပါတယ်။

USD 3 လောက်ပဲ သုံးရတဲ့ utiltiy program ဟာ သီချင်းတွေ sync လုပ်ဖို့အတွက် ထိုက်တန်တဲ့ program တစ်ခုဖြစ်တယ်လို့ စာရေးသူထင်မြင်ပါတယ်။ ■

## YouTube video များ download လုပ်နိုင်ဖို့

YouTube က video တွေကို သိမ်းထားချင်တယ်ဆိုရင် YouTube Downloader HD ကို *(find.pcworld.com/72429)*ကတစ်ဆင့် အခမဲ့ ရနိုင်ပါတယ်။ တစ်ချိန်တည်းမှာ video တွေ အများကြီးကို တစ်ပြိုင်တည်း download လုပ်ပေးနိုင်စွမ်းရှိပြီး adware-free ဖြစ်ပါတယ်။

Program ကို စဖွင့်လိုက်ပြီဆိုတာနဲ့ download menu ကတစ်ဆင့် ကိုယ်ကြိုက်နှစ်သက်ရာ video quality ကို ရွေးချယ်နိုင်ပါတယ်။ Video quality ကောင်းလေ file size ကြီးလေဖြစ်တာကြောင့် hard drive ကြီးကြီးရှိဖို့ပဲ လိုအပ်ပါတယ်။ ပြီးတော့ download လုပ်ဖို့လည်း အချိန်ပိုကြာပါတယ်။

Optional box ထဲမှာလည်း video format တွေကို FLV ကတစ်ဆင့် AVI၊ ဒါမှမဟုတ် MP4 စသဖြင့် ကြိုက်နှစ်သက်သလို ပြောင်းလဲနိုင်ပါတယ်။ နောက်တစ်ဆင့်အနေနဲ့ YouTube video ရှိတဲ့ URL ကို video URL ထဲမှာ ထည့်လိုက်ပြီး ဘယ်မှာသိမ်းရမလဲဆိုတဲ့ save to location ကိုရွေးပါ။ ပြီးရင် download ကို click နှိပ်လိုက်ပါ။ တကယ်လို့ ကိုယ်ရွေးချယ်ခဲ့တဲ့ video quality ကရှိနေတဲ့ video quality ထက်မြင့်နေတယ်ဆိုရင် next-best setting ကိုပြောင်းဖို့ အကြံပေးမှာ ဖြစ်ပါတယ်။ FLV conversion ကို ရွေးချယ်ထားခဲ့ပါက download ပြီးသွားပါက ချက်ချင်း အလိုအလျောက် လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ သတိထားရမယ့်အချက်တွေကို သတိပေးပါရစေ။ *(find. pcworld.com/72446)* ကတစ်ဆင့် official download button ၊ ဒါမှမဟုတ် link တွေ ကန့်သတ်ထားတဲ့ ကိစ္စဖြစ်တဲ့ YouTube Terms of Service အကြောင်းကို ဖတ်နိုင်ပါတယ်။ ဒါ့ပြင် download button ၊ ဒါမှမဟုတ် link မရှိဘဲကူးယူခဲ့ပါက video ပိုင်ရှင်က copy right ဥပဒေအရ တရားစွဲနိုင်၊ မစွဲနိုင်နဲ့ ပတ်သက်တဲ့အချက်အလက်တွေကို *(find.pcworld.com/72447)* မှာ ဖော်ပြထားပါတယ်။ YouTube FAQ ကိစ္စရပ်တွေမှာ ဖတ်ရှုနိုင်ပါတယ်။ ■

# HASSLE-FREE PC

## Defragging နဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့အချက် ၃ ခု

လွန်ခဲ့တဲ့နှစ်တွေတုန်းကတော့ defragmentation ဟာ အရေးကြီးကိစ္စတစ်ရပ်ဖြစ်ခဲ့ပေမယ့် ဒီနှစ်တွေမှာတော့ သိပ်အရေးကြီးတဲ့ကိစ္စတစ်ရပ် မဟုတ်တော့ပါဘူး။ အရည်အသွေးကောင်းမွန်တဲ့ defragger တစ်ခုကိုအသုံးပြုပြီး system performance ကို အမြင့်ဆုံးရစေမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ခေတ်တွေမှာတော့ defrag လုပ်ဖို့မလိုလောက်အောင်ကို မြန်ဆန်နေပါတယ်။ Windows 7 မှာဆိုရင်တော့ defrag လုပ်ဖို့ လုံးဝကိုမလိုအပ်တော့ပါဘူး။ Hard-drive defrag လုပ်တာနဲ့ပတ်သက်တဲ့ အရေးကြီးအချက်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

1 Windows 7 Disk Defragmenter ဟာ schedule ပေးထားတဲ့အချိန်တိုင်း (အများအားဖြင့် တစ်ပတ်တစ်ခါ ဖြစ်တတ်သည်။) မှာ အလိုအလျောက် လုပ်ပေးနိုင်ပါတယ်။ Default အနေနဲ့ အမြဲလုပ်ပေးနေတဲ့အတွက် ကိုယ့် hard drive ဟာ အချိန်ပြည့်နီးပါး defrag လုပ်ပြီး အနေအထားမှာ အမြဲရှိနေပါတယ်။ ယင်း utility ဟာ third-party software တွေနဲ့ယှဉ်နိုင်စွမ်းရှိတဲ့အတွက် defragging tool တွေ ထပ်ဝယ်ဖို့မလိုအပ်တော့ပါဘူး။




Windows 7 ရဲ့ Disk Defragmenter utility က ကိုယ့်ရဲ့ computer idle ဖြစ်တဲ့အချိန်တိုင်းမှာ default အနေနဲ့ တစ်ပတ်မှာတစ်ခါ run ပေးပါတယ်

2 Defrag လုပ်ဖို့အတွက် PC ကို ညလုံးပေါက်ဖွင့်ထားပေးဖို့ မလိုပါဘူး။ Disk Defragmenter က သူ့ကိုသတ်မှတ်ထားတဲ့အချိန် (ဥပမာ–ဗုဒ္ဓဟူးနေ့ နံနက် ၁ နာရီ) မှာ အလုပ်မလုပ်ပေးနိုင်ပါက ယင်းအချိန်ကျော်ပြီး နောက်ပြန်ဖွင့်လိုက်တာနဲ့ အလုပ်မလုပ်ဘဲ idle ဖြစ်တဲ့အချိန်မှာ defrag ကို အလိုအလျောက် လုပ်ပေးနိုင်စွမ်း ရှိပါတယ်။ 3 Solid-state drive ကို ဘယ်အခါမှ defrag မလုပ်ပါနဲ့။ ဒီလိုလုပ်တာဟာ သက်တမ်းတိုစေပါတယ်။ SSD ကို သုံးထားတယ်ဆိုရင် Windows 7 ရဲ့ defrag လုပ်တာကို disable လုပ်ထားရပါမယ်။ Start ကို click နှိပ်ပါ။ Disk လို့ ရိုက်ထည့်ပြီး disk defragmenter ကို ရွေးပါ။ Configure schedule ကိုရွေးပြီး disable ဖြစ်အောင် ပြောင်းလိုက်ပါ။

External hard disk ကို သုံးထားတယ်။ PC နဲ့လည်း အမြဲချိတ်ဆက်မထားဘူးဆိုရင်တော့ defrag လုပ်ဖို့ အခွင့်အရေးမရှိသလောက် နည်းပါးပါတယ်။ Disk defragmenter မှာ လတိုင်း manually defrag လုပ်ပေးမှ ရနိုင်ပါတယ်။

## PC ကတစ်ဆင့် text message အခမဲ့ပို့ခြင်း

Text message တွေပို့ရတာ အဆင်ပြေကောင်းမွန်ပါတယ်။ ဒါပေမဲ့ ဈေးကြီးပါတယ်။ ပြီးတော့လည်း phone ထဲက သေးငယ်တဲ့ keyboard ကတစ်ဆင့် ရိုက်ရတာဖြစ်လို့ နှေးပြီး သိပ်အဆင်မပြေပါဘူး။ Pinger Textfree Webဆိုတဲ့ Website ရှိပါတယ်။ *(www.pinger.com/textfree)* ဖြစ်ပါတယ်။ ယင်းကတစ်ဆင့် ကုန်ကျစရိတ်မရှိဘဲ ကိုယ့် desktop browser ကတစ်ဆင့် text message တွေ ပို့နိုင်ပါတယ်။ ကိုယ့်ရဲ့ interface က ကြီးမားပြီး message ရိုက်ရတာ အဆင်ပြေပါတယ်။ ဘယ်လို mobile ကိုမဆို ပို့နိုင်ပြီး ယင်းတို့ပြန်ပို့လာတဲ့ reply တွေကိုပါ လက်ခံနိုင်ပါတယ်။ Account မှာတော့ textfree.us ဆိုတဲ့ email address ပါဝင်ပါတယ်။

Textfree Web ကတစ်ဆင့်ပို့လိုက်တဲ့ message ဟာ ချက်ချင်းထွက်သွားပြီး phone တွေကနေ